**(၉) မီးသွေးပုပ်ရောဂါ (Charcoal rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Macrophomina phaseolina* (Tassi) Goid**

**ရောဂါလက္ခဏာ**

ပင်စည်၏ပင်ခြေပိုင်း၊ ပင်စည်နှင့်အကိုင်းများဆုံသောနေရာ တွင်အညို/ အမဲရောင် အနာကွက် ဖြစ်ပေါ်ခြင်းသည် ရောဂါ၏ အစောဆုံးလက္ခဏာ ဖြစ်သည်။ နောက်ပိုင်းတွင် ပင်စည်သည် မီး ခိုးပြာရောင်ပြောင်းသွားပြီး အပင်လည်းအရွယ်မရောက်မီသေသွားသည်။ ရောဂါကွက်ဖြစ်ပေါ်သော အပိုင်းတွင်အလွန်သေးငယ်သောစကလိုရှားအလုံးငယ်များကိုတွေ့ရသည်။ ရောဂါပြင်းထန်စွာကျရောက်ပါက အထွက်နှုန်းကို ထိခိုက်နိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- မျိုးစေ့/မြေ ဆောင်ရောဂါဖြစ်သည်။ ခံနိုင်ရည်ရှိသောမျိုးကိုအသုံးပြုပါ။
- ရောဂါကင်းသော၊ ကျန်းမာသန်စွမ်းသောမျိုးစေ့ကိုစိုက်ပျိုးပါ။
- ထယ်နက်နက်ထိုးထားပြီးနွေထယ်ရေးခံပါ။
- ပင်ကြွင်းပင်ကျန်များကိုဖယ်ရှားဖျက်ဆီးပါ။
- ထရိုင်ကိုဒါးမား မှိုကိုမြေပြင်စဉ်တွင် ထည့်သွင်းအသုံးပြုပါ။
- မျိုးစေ့ဆောင်ရောဂါအတွက်မျိုးစေ့လူးနယ်မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့်လူးနယ်စိုက်ပျိုးပါ။
- ရောဂါနှစ်စဉ်ဆက်တိုက်ကျရောက်ပါက ပဲမျိုးစုံ မဟုတ်သော အခြားသီးနှံ များနှင့် သီးလှည့်စနစ်ဖြင့်အနည်းဆုံး (၃-၄ )နှစ်ခြား၍ စိုက်ပါ။

- ရောဂါကျရောက်ပါကအောက်ပါမှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် အပင်ခြေရင်းသို့ရွှဲရွှဲ ပက်ဖျန်းပါ။
- **Thiophanate methyl** (သိုင်အိုဖါနိတ်မီသိုင်း),**Tebuconazole** (တက်ဗျူကိုနာဇိုး)
- **Captan** (ကက်ပ်တန်), **Hymexazol** (ဟိုင်မီဇာဇိုးလ်), **Difenoconazole (ဒိဖီနိုကိုနာဇိုး)**